# ပြန်လည်ကြွလာခြင်း သတင်းကောင်း



SEPTEMBER
OCTOBER

# HERALD *OF HIS* COMING

ဝန်လေး၍ ပင်ပန်းသော သူအပေါင်းတို့၊ ငါ့ထံသို့ လာကြလော့။ ငါသည် ချမ်းသာ ပေးမည်။ ( မသဲ ၁၁း၂၈)

## အလုံးစုံနှင့် ယေရှု၏ ပြည့်စုံခြင်း

## The All-Sufficiency Of Christ

By E.B.Meyer

ယေရှုချစ်သော တပည့်တော်တစ်ဦးက သေလုမျောပါးဖြင့် သူ၏ခြေရင်းသို့ လဲကျလာသောအချိန် စမုရန အသင်းတော်မှ သေအံ့ဆဲဆဲကိုယ်ခန္ဓာအတွက် သစ္စာရှိစွာဖြင့် ခွန်အားပေးသော အချိန် အသက်စမ်းရေကို ဆာလောင်ငတ်မွတ်သော ဝိညာဉ်၏ ဘုရားသခင်ထံအော်ဟစ်တောင်းဆိုသောအချိန် အသက်ပင်ရှိ သောမြို့၏ တံခါးလမ်းကြောင်းပွင့်လာမည့်အချိန် ဤ သို့သော အစိတ်အပိုင်းတစ်ခု(သို့) အစိတ်အပိုင်း အားလုံးကို ကိုးကားကာ ယေရှုက တန်ခိုးရှိသော စကားလုံးများကို မြွက်ဆိုခဲ့ပါသည်။

ငါသည် အာလဖဖြစ်၏။ ဩမေဃလည်းဖြစ်၏။ အဦးဆုံးသော သူနှင့် နောက်ဆုံးသောသူဖြစ်၏ အစနှင့်အဆုံးလည်းဖြစ်၏။ (ဗျာဒိတ် ၂၂ း ၁၃ ) -

ဤအချိန်အတွက် အထူးတွန်းအားပေးသည့် မေးခွန်းတစ်ခုက ကျွန်ုပ်တို့အပေါ်၌ ခရစ်တော်နှင့် ကျွန်ုပ်တို့၏ ကိုယ်ပိုင်ဆက်သွယ်မှုကို အထူးစီစစ်စေပါသည်။ သူ့အကြောင်းကို ကျွန်ုပ်တို့ကြားကြပါသည်။ လာလာကြည့်ရှုကြပါသည်။ ပြောဆိုကြပါသည်။ သို့သော် ကျွန်ုပ်တို့က သူ့အကြောင်းကို ဘယ်လောက်များများ သိကျွမ်းကြပါသနည်း။ ဖိလိပ္ပိုကဲ့သို့ ကျွန်ုပ်တို့အပေါ် ဝမ်းနည်းစွာဖြင့် မပြောနိုင်သည့်အရာ တစ်ချို့ကရှိနိုင်ပါသည်။ ယေရှုက ဖိလိပ္ပို ဤ မျှကာလပတ်လုံး ငါသည် သင်တို့နှင့် အတူရှိပြီးမှ သင်သည် ငါ့ကိုမသိသလော (ယောယန် ၁၄း၉ )-အခြားတစ်ဖတ်တွင် ရှင်ပေါလုက ထိုမျှမက ငါသည် ခရစ်တော်ကို သိသောပညာသည် အဘယ်လောက်မြတ်သည်ကို ထောက်၍ ခပ်သိမ်းသောအရာတို့ကို ရှုံးစေသောအရာကဲ့သို့ ငါထင်မှတ်၏ (ဖလိပ္ပို ၃ း ၈ -၁၀) ဟု ပြောဆိုခဲ့ပါသည်။

**ကျွန်ုပ်တို့၏ လိုအပ်ချက်ကိုဖြည့်ဆည်းခြင်း**

တစ်ခါတစ်ရံတွင် ကျွန်ုပ်တို့က ယေရှု၏ အကြောင်းကို သိသင့်သည့် အရာထက် ပိုမိုမေးခွန်းထုတ် တတ်ပါသည်။ ဤ လူ့ ဘဝ အသက်တာ၌ တွန်းအားပေးမည့် အရေးပါသော လိုအပ်ချက် အတွက်မဟုတ်ပါ။ ပို၍နက်နဲစွာဖြင့် ပြောရမည်ဆိုလျှင် ဘုရားသခင်က မကြာခဏ ကျွန်ုပ်တို့တွေကြုံရသော မျှော်လင့်ချက်မဲ့ခြင်း၊ ကျဆုံးခြင်းကိုခွင့်ပြုခြင်းသည် သူ၏ ကျေးဇူးတော်ဖြင့်ကြီးမားသောအခွင့်အရေးတစ်ခုကို ရရှိကာထက်မြက်သောသူသာမန်ထက် ထူးခြားသောသူဖြစ်လာဖို့ရန်အတွက်ဖြစ်ပါသည်။ ဤအချက်ကို ကျွန်ုပ်တို့က အစွမ်းကုန်လက်လျှော့မှ ရှိသောအခါမှသာလျှင် သခင်ယေရှုက လုပ်ဆောင်ပြင်ဆင်သည့် အချက်ကို စတင်သဘောပေါက်ကြမည်ဖြစ်ပါသည်။

ခံတပ်မြို့ကြီးတစ်ခုကို သိမ်းပိုက်ဖို့ရန် ပြည့်စုံစွာ တပ်ဆင်ထားသော မြို့ရိုးကျော်လှေကားထစ်များနှင့် လက်နက်ရိက္ခာများကို သယ်ဆောင်ကာ ဂျေရုဆလင်မြို့ကြီးကို သိမ်းပိုက်ဖို့ချီတက်လာသော သင်္ဘောများကို တွေ့မြင်သောအခါမှသာလျှင် မောရှာယနှင့် ယေဇကျေလတို့က ဘုရားသခင်ပြင်ဆင်ခဲ့သော ကျယ်ပြန့်သည့်မြစ်များနှင့် စမ်းချောင်းများ၏ အကြောင်းကို သဘောပေါက်ခဲ့ကြပါသည်။ (ဟေရှာယ ၃၃ း ၂၁ ) ထိုမြစ်သည်

ဘုရား သခင်၏ မြို့ကို ဝမ်းမြောက်စေနိုင်ဖို့ရန်အတွက် ထိန်းသိမ်း စောင့်ရှောက်သောမြစ်ဖြစ်ပါသည်။ မှန်ပါသည် ဤ အရာက ၁သမန်မြစ် တစ်စင်းမဟုတ်ပါ။ ဘုရား သခင်ကလိုလေ သေး မရှိအောင် အကောင်းဆုံး လုပ်ဆောင်ထားသော မြစ်ဖြစ် ပါသည်။ သူ ကိုယ်တိုင်က မြစ်တစ်ပြင်လုံးကို လုပ်ဆောင်ခဲ့ခြင်း ဖြင့် သူတို့၏ လိုအပ်ချက်များကို ဖြည့်စွက်ပေးခဲ့ပါသည်။

ဇေရ အချိန်ရောက်လာသောအခါမှသာလျှင် ယုဒလူမျိုး များက သူတို့၏ မွေးရပ်မြေသို့ပြန်လာကြပါသည်။ ဤ သို့ပြန် လာသော ခရီးစဉ်၌ သူတို့သည်နက်နဲသော တောအုပ် အတွင်း၌ ရှိသော ဓါးပြအမျိုးအနွယ်၏ အမွေခံရာ ဒေသအနီးသို့ ရောက် ရှိလာကြသောအခါ ချက်ခြင်းမဖြတ်သန်းရဲဘဲ ဇဝေဇဝါဖြင့် အာဟာဗာ (Ahavar) မြစ်နား၌ရပ်နားခဲ့ကြပါသည်။ သို့သော် သူတို့ ၏ စုပေါင်းဆုတောင်းခြင်းကို ဘုရား သခင်က နားထောင် ကာ အဖြေပေးခဲ့ပါသည်။ လူစုကိုကို စီတန်းစေကာ ရှေ့မှအရင် သွားခိုင်းခဲ့ပါသည်။ သူကအနောက်ပိုင်းမှ အစောင့်တပ်ဖြစ် လာပါသည်။ ယေဟုဝေါ ကိုယ်တိုင်က သူတို့၏ လိုအပ်ချက်ကို ဖြည့်စွက်ခဲ့ပါသည်။ သူတို့က လုပ်ဆောင်ချက်ကို သဘော မပေါက်ကြသော်လည်းသူ၏ ညွှန်ကြားချက်ဖြင့်စုဖွဲ့ထားသော စစ်သားများအားဖြင့် သူတို့ကိုလုံခြုံစွာ ကာကွယ်ခဲ့ပါသည်။

ဗက်သနီတွင်ရှိသော ညီအစ်မနှစ်ဦးက သူတို့မောင်ဖြစ်သူ လာဇရု၏ ဖျားနာသောအချိန်ကိုမမှီသလို ဂူသွင်းခြင်း၌လည်း အမှီမလာရောက်နိုင်သော သူတို့၏ သခင်ကိုသေခြင်းမှ ထမြောက် စေမည့် တန်ခိုးရှင် ဧကရာဇ်တစ်ပါးဖြစ်သည့် အကြောင်းကို မသိရှိခဲ့ကြဘူးပါ။ သို့သော် သူတို့၏ ခံစားနေရသော အပူမီးများကို ယေရှုက ရှင်းပြထမြောက်ခြင်းအားဖြင့် ငြိမ်းသတ်ခဲ့ပါသည်။ မမျှော်လင့်သောဖွင့်ပြချက်ဖြင့် ထာဝရကြွယ်ဝသော အသက်တာသို့ သူတို့ကို ပို့ဆောင်ကာ ဖြည့်စွက်ပြီးသည့် နောက်ပိုင်းတွင် သူတို့၏ ဝမ်းနည်းခြင်းသည် ဝမ်းမြောက်ခြင်းသို့ ကူးပြောင်းသွားခဲ့ပါသည်။

ရှင်ပေါလုကိုယ်တိုင်ကလည်း ယေရှုက သူ၏ခန္ဓာကိုယ်ကို အုတ်ဂူ သွင်းခြင်းဖြင့် မပေးဆပ်ခဲ့လျှင် ယေရှုသည်မည်သို့သော ပုဂ္ဂိုလ်ဖြစ်ကြောင်းကိုသိရှိလိမ့်မည်မဟုတ်ပါ။

ဤသို့သောအဖြစ်အပျက်မရှိပါက ကယ်တင်ခြင်း စာပိုဒ်ကို ဘယ်သောအခါမှ ရေးသားမည်မဟုတ်ပါ။ ထို့ကြောင့် သူ ခံစားခဲ့သောနာကျည်းမှု ဝေဒနာများက အသစ်သော ရုပ်ပါရုံကို ပံ့ပိုးကာ ဘုရား သခင်၏ ကယ်တင်ခြင်းကို ထောက်မဖို့ရန် အတွက် အခြေခံ အုတ်မြစ်တစ်ခုကိုတွေ့ရှိလာပါသည်။ သို့ဖြစ်

သောကြောင့် သူ၏ ပြည့်စုံခြင်းအားလုံးအတွက် ခရစ်တော်က အစားထိုးပေးစွမ်းနိုင် သောတန်ခိုးတော်ကြောင့် သူကလည်း ခံစားဖို့ရန်ပို၍ ဆန္ဒရှိလာပါသည်။ သူအားနည်းသောအခါ ဘုရား သခင်၏ ခွန်အားဖြင့် ပို၍ ပြည့်စုံလာခဲ့ပါသည်။

**အထီးကျန်သောအချိန်**

အထီးကျန်ခြင်းက ယေရှုနှင့်ကိုယ်တိုင်ထိတွေ့ဖို့ရန် အခွင့်အရေး တစ်ခုကို ရရှိစေပါသည်။ ချစ်ခင်မြတ်နိုးရသော တပည့် တော်တစ်ဦးက ပတ်မု ကျွန်းတွင် အကျဉ်းချ ထားခြင်းကို ခံခဲ့ရပါ သည်။ သို့သော် ထိုအချိန်တွင် ဝိညာဉ်တော်က ဘုရား သခင်ကို မြင်တွေ့စေခဲ့ပါသည်။ သူက ချောက်ခြားဖွယ်ရာ လူနှင့် သဏ္ဌာန်တူ ပုံသဏ္ဌာန်တစ်ခုနှင့်ထိတွေ့ခဲ့ပါသည်။ ထိုသူကို ငါမြင်သော အခါ သေလုမတတ်ဖြစ်၍ ခြေတော်ရင်း၌ လဲလျက် နေ၏။ (ဗျာဒိတ် ၁ း ၁၇ ) ထို့နောက် ခရစ်တော်၏လက်က သူ့ကိုထူမလျက် ထာဝရ အသက်၏ လျှို့ဝှက်ချက်ကိုဖွင့်ပြခဲ့ပါ သည်။ ထို ရူပါရုံကိုရရှိကာ ရှေးကတည်းကလျှို့ဝှက်ချက်များ ထဲသို့ တန်းဝင် ခဲ့ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ကတိတ် ဆိတ်စွာ ဖြင့် တစ်ယောက် တည်းရှိသောအချိန် (သို့) ပင်လယ် ကမ်းနား သို့ ကျွန်ုပ်တို့လျှောက် သွားသောအချိန် (သို့) တောင် ထိပ်သို့ တက်သောအချိန် (သို့) အခန်းထဲတွင် တစ်ယောက်တည်း

ထိုင်နေသောအချိန်များတွင် သူသည် ဤ လောကတွင်မရှိ သော်လည်း သူကိုယ်တိုင်က ကိုယ်ယောင်ပြထင်ရှား ကာ ရောက်ရှိ လာမည်ဖြစ်ပါသည်။ ပုလင်းထဲသို့ ရေဖြည့်ဖို့ရန် သင်ခွင့်ပြုရမည်ဖြစ်သည်။ သင်၏ အမြင်၌လောကကို ကျဆုံး စေပြီးတောက်ပ သောအလင်းတန်းကို တွေ့ရှိဖို့ရန်ခွင့်ပြုရ မည်ဖြစ်သည်။ မမြင်နိုင်သည့် ဘက်ဆီသို့လှည့်ပြီး စွဲမြဲစွာဖြင့် ဝိညာဉ်တော်ကိုအာရုံပြုဖို့ရန်ဖြစ်သည်။ ပူပန်မှုမရှိသော ချစ်ခြင်း မေတ္တာဖြင့် အာရုံပြုကာ ဆုတောင်းပြီး ခရစ်ယာန် ချစ်ခြင်း မေတ္တာကို လွှမ်းခြုံလိုက်ပါ။ ဤ ကဲ့သို့သောလုပ်ဆောင်ချက်များ ကို သင်မလုပ်ဆောင်ပါကမြင်တွေ့နိုင်မည်မဟုတ်ပါ။ (သို့) ယေရှုနှင့် တွေ့ဆုံသော ည တစ်ညက ဖြစ်လာမည်မဟုတ်ပါ။

သောမက်ကီပီးက တံခါးပိတ်ပြီးယေရှုကိုခေါ်ဖိတ်ပါ။ ယေရှုရှိသော ညသည် ကောင်းမွန်ပြီးခါးသီးမှုတစ်ခုမှမရှိပါ။ သို့သော်သူမရှိသောညသည် ခါးသီးစရာကောင်းပါသည်။ ယေရှုက စကားတစ်ခွန်းကို ပြောမည်ဆိုလျှင် စိတ်ချမ်းသာမှုကို အထူး ခံစားရပါလိမ့်မည်။ ယေရှုမရှိလျှင် ပူဆွေးဝမ်းနည်းစရာ ကောင်းသော ငရဲကဲ့သို့ဖြစ်ပြီး ယေရှုနှင့်အတူရှိသောအခါ ချိုမြိန်သော ပါရဒိသုဘုံကဲ့သို့ဖြစ်ပါသည်ဟုပြောဆိုခဲ့ပါသည်။

သို့သော် သတိပြုရမည့်အချက်မှာ မိတ်သဟာရဖွဲ့ခြင်းသည် ဖြည့်ဆည်းမှုအားလုံးနှင့် အတူတူပင်ဖြစ်ပါသည်။ ဖွင့်ပြချက်ကို ယောယန်ကရရှိသော အခါချက်ခြင်းပင်သူက မှတ်တမ်း ပြုရေးသားခဲ့ပါသည်။ သို့ဖြစ်သောကြောင့် သူ၏ စိတ် ဝိညာဉ်က ခရစ်တော်နှင့် မိတ်သဟာယပြုလာပါသည်။ သခင် ဘုရား၏ ညွှန် ကြားချက်ဖြင့်ရောက်ရှိလာသော ခရုဗိန်ကဲ့သို့ပင် ရှေးကတည်းက ဖော်ပြသောသူတစ်ဦးကို ဘုရားသခင်က အသုံးပြုကာ သူ့ကို ထွန်းလင်းတောက်ပစေခဲ့ပါသည်။ သို့ဖြစ်သောကြောင့် သန့်ရှင်းသော ဝိညာဉ်တော်က ယေရှုနှင့်အတူ နေထိုင်စားသောက်ခြင်းနှင့် ပြန်လည်လန်းဆန်းမှုကို ရရှိစေပါသည်။

တပည့်တော်များကလည်း သူ့ကိုစောင့်မျှော်သည့် အချိန်အခိုက်အတန့်တွင် သူတို့လုပ်ဆောင်ရမည့် ယေရှု၏ ညွှန်ကြားချက်ကို ရရှိကြပါသည်။ သို့ဖြစ်သောကြောင့် ယောဟန်က ပတ်မုတွင်နေသောအချိန် ကဲ့သို့ သင်အထီးကျန်သောအချိန်တွင် သခင် ဘုရားကသင့်ကိုအဖော်ပြုဖို့ရန် တောင်းဆိုကာ ဝိညာဉ်ထဲ၌ သူ့ကို ပြန်လည်ဆက်သွယ်ခြင်းဖြင့်ဆုတောင်းလျှက်သာယာသောအသံ ကို ကြားနာဖို့ရန် ပြင်ဆင်ရမည်ဖြစ်သည်။

အထီးကျန်ခြင်းသည် သူနှင့်ဆက်သွယ်ခြင်းကို ထောက်ပံ့ပေးသောအရာဖြစ်ပါသည်။ ဤသို့ သင်မလုပ်ဆောင်လျှင် သူ၏ တတ်စွမ်းနိုင်မှုကို သဘော ပေါက်မည်မဟုတ်ပါ။ သူထံသို့ ချဉ်းကပ်ပြီး စကားပြောလိုက်ပါ မကြောက်ပါနှင့်။ သင့်ကိုစွန့်ပစ်မည့်သူ မဟုတ်ပါ။ သူသင့် ထံသို့ လာပါလိမ့်မည်။ အကယ်၍ သင်၏ ချစ်ခင်သူများ၊ မိတ်ဆွေ အပေါင်းအသင်းများက စွန့်ပစ်လျှင်လည်း ကောင်းသောသိုးထိန်း ကသင့်ကိုပစ်ခွာသွားမည် မဟုတ်ဘဲ အဖော်ပြုပါလိမ့်မည်။ ရောက်ရှိလာမည့် ဘေးအန္တရာယ် အခက်အခဲများမှစောင့်ရှောက် ကူညီခြင်းဖြင့် အမှောင် ကမ္ဘာကို သင်ကျော်ဖြတ်နိုင် လိမ့်မည်ဖြစ်သည်။

**ဒုက္ခဝေဒနာခံစားရသောအချိန်**

ဒုက္ခရောက်သော အချိန်က ယေရှုကိုသိကျွမ်းမည့်အခွင့်အရေးကိုပေးသော အချိန်ဖြစ်ပါသည်။ မီးတောက်မီးစများကျရောက်သော စတုဂံအသင်းတော်ကဲ့သို့ပင်ဖြစ်ပါသည်။ (ဗျာဒိတ် ၂ း ၈ - ၁၁) ဘုရားသခင်က သူ၏ သားသမီးများကို ကားတိုင်လမ်းကြောင်းအတိုင်း မကြာခဏခေါ်နေပါသည်။ ဒုက္ခဝေဒနာများ၊ မတရားမှုများ၊ မုန်းတီးမှုများ၊ ခါးသီးမှုများကို လူများစွာကခံစားခဲ့ကြရခြင်းသည် အကောင်းဆုံးသော လမ်းကြောင်းသို့ ခေါ်ဆောင်ခြင်းပင်ဖြစ်ပါသည်။ ပွင့်လင်းစွာပြောရ

မည် ဆိုလျှင်အတွင်း ငြိမ်သက်ခြင်းကိုအခြားသော လမ်းကြောင်းဖြင့်မရရှိနိုင်ပါ။ ကားတိုင်လမ်းဖြင့်သာလျှင်ရရှိနိုင်ပါသည်။ ထို့ကြောင့် ယေရှု၏ ကြီးမားသောချစ်ခြင်းမေတ္တာ၏ စောင့်ရှောက်မှုကို မည်သည့် အရာကမျှ မဖျက်ဆီးနိုင်ပါ။

အထူးသဖြင့် တမန်တော်ပေါလု၏ အသက်တာကို တွေ့မြင်နိုင်ပါသည်။ သူသည် သူ၏ဘေးပတ် ဝန်းကျင်မှ နာကျည်းစရာများ၊ အသရေရှုတ်ချမှုများ၊ ပြစ်တင်ဝေဖန်မှုများစွာကို တွေ့ကြုံခဲ့ရပါသည်။ အသရေရှုတ်ချသောအခါ တောင်းပန်ကြ၏။ ဤ လောက အညစ်အကြေးကဲ့သို့ ဖုင်းအရပ်ရပ်ထဲက လှည်း ပစ်သောတန်မြတ်ချေးအမှိုက်ကဲ့သို့လည်းကောင်း ယခုတိုင် အောင်ဖြစ်ကြ၏။ (၁ကော ၄း၁၃) သို့သော် သူသည် ခရစ်တော်၏ သေဆုံးခြင်း အကြောင်းကို အမြဲသယ်ပိုးခဲ့သူဖြစ်ပါသည်။ ဆင်းရဲ ခြင်းနှောင့် ယှက်ခြင်း၊ ဖျားနာခြင်း၊ ယုဒအဖွဲ့၏ မုန်းတီးခြင်း။ ဤ အလွန် အကျပ်ရိုက်စေသော အရာများတို့ဖြတ်သန်းဖို့ရန် အခေါ်ခံရခြင်းဖြစ်ပြီးအဖန် တလဲလဲဖြတ်သန်းခဲ့ရပါသည်။ သို့သော် ဤ အရာအားလုံးထက် ယေရှုကို ပိုချစ်နိုင်ခဲ့ပြီးသူ့အားဖြင့် အောင်မြင်သောသူဖြစ်ခဲ့ပါသည်။ ထို့ကြောင့် ယေရှုကသူ့ကိုပိုမိုနီးကပ်စွာ ထိတွေ့လာပါသည်။ မှန်ပါသည်။

ခရစ်တော်အတွက် သူခံစားခဲ့ပါသည်။ သို့သော် ခရစ်တော်က သူနှင့် အတူခံစားပါသည်။ သူ၏ သခင်က သူနှင့်အတူ ရပ်တည်ခဲ့သောကြောင့် မည်သူကသူ့ကို ဆန့်ကျင်နိုင်ပါမည်နည်း။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာမှ သူ့ကို ကွာစေနိုင်သောသေခြင်းတရား၏ အတိမ်အနက်ဖြစ်သော စိန်ခေါ်မှုများရောက်ရှိလာသောအခါ သူ၏ စိတ်ဝိညာဉ် အမြင်သည် ဘုရား သခင်၏ အကောင်းမြင် ဝါဒတစ်ခုကို ပြည့်စုံစွာရရှိကာ အကောင်းဆုံးရင်ဆိုင်ဖြေရှင်းနိုင်ခဲ့ပါသည်။

ထို့ကြောင့်ကျွန်ုပ်တို့က နာကျည်းခြင်းဝေဒနာကို အခွင့်မပေး ဖို့ရန်ဖြစ်ပါသည်။ ယေရှုကသင့်ကို အမှောင်ခန်းထဲသို့ ဦးဆောင်သောအခါ မတုန်လှုပ်ပါနှင့်သူက သာမန်မီးဖိုကို ခုနှစ်ဆ အပူပေးသော မီးတောက်နေသည့် မီးဖိုပေါ် လမ်းလျှောက်ခဲ့ပါသည်။ ပူလောင်ရက်စက်လှသောကြမ်းတမ်းသည့် လမ်းကြောင်းပေါ်တွင် လျှောက် လှမ်းခဲ့သူဖြစ်ပါသည်။ ကိုယ်ခန္ဓာတစ်ခုလုံးသို့ ကြမ်းတမ်းသည့် ရိုက်ချက်များဖြင့် ရိုက်နှက်ခြင်းများကို တွေ့ကြုံခဲ့ဖူးသော်လည်း ကြံ့ကြံ့ခံနိုင်ခဲ့ပါသည်။ ထို့ကြောင့်ယေရှုက အောင်မြင်သောသူ၏ ဦးခေါင်းပေါ်တွင် ဆောင်ပေးမည့် အသက်သရဖူ၏ နေရာတွင် အစဉ် အမြဲ ရပ်တည်ခဲ့သူဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ခံစား ခဲ့ရသော

ဝေဒနာများ (သို့) ကိုယ်ချင်းစာ စိတ်ကင်းမဲ့သောသူ များ (သို့) ဘုရားသခင်၏ သားသမီးများကို ပြစ်တင် ကျိန်ဆဲသော လူတွေအပေါ်၌ အပြစ်မြင်နေဖို့ရန်မဟုတ်ပါ။ ဤ သို့ပြုမည့် အစားဝမ်းမြောက်ကြဖို့ရန်ဖြစ်ပါသည်။ အဘယ့် ကြောင့် ဆိုသော် သူက ကျွန်ုပ်တို့ကို ယုံကြည်စိတ်ချမှုရှိပြီး ကျွန်ုပ်တို့ တွေ့ကြုံ ခဲ့ရသော အားနည်းချက်များအပေါ်၌ သူ၏ တန်ခိုး တော်ကို ပိုမိုကြီးမားစွာ ချထားပေးသောကြောင့်ဖြစ်ပါသည်။ ထို့ကြောင့် ဝမ်းမြောက်ကြဖို့ရန်ဖြစ်ပြီးသေသည်ထိတိုင် အောင် သစ္စာရှိဖို့ရန်ဖြစ်ပါသည်။ အဦးဆုံးသောသူနှင့် အနောက် ဆုံးသူကသင်နှင့် အတူရှိနေပါသည်။ သေခြင်း တရားကို ကျော်လွှားပြီး အသက်ရှင်ခြင်းကို ပြည့်စုံစွာပေးခဲ့သော သူဖြစ်ပါသည်။ ထို့ ကြောင့်ငန်သော အရသာ နှင့်ပြည့်စုံ သော ဆားကဲ့သို့ဖြစ် ဖို့ရန်လိုအပ်ပါသည်။

ထောင်နဲ့ချီ၍ ဖျားနာသောလူအုပ်ကို ဂါလိလဲ နေရာ အနှံ့ မှ ဆောင်ယူလာကြကာယေရှုထံသို့ သူတို့၏ ရောဂါများကို ပြကြ ပါသည်။ မရေတွက်နိုင်ပင်များပြားသောလူအုပ်က သူ့ကိုဝိုင်းရံ နေကြပါသည်။ သူကနူနာစွဲသောသူများကို ပျောက်ကင်း စေကာ၊ အကြောသေ၊ လေဖြတ်သူများကလည်း ပျောက်ကင်းလာသလို သေဆုံးသောသူများကပင်လျှင် ယေရှု၏ တန်ခိုးတော်ဖြင့် ပြန်

လည်ထမြောက်ကြပါသည်။ သို့ဖြစ်သောကြောင့် သူသည် ကျွန်ုပ်တို့၏ ဝမ်းနည်းမှုများကို တစ်ခုချင်း စီစစ် ဆေးဖို့ရန်အတွက် ကျွန်ုပ်တို့၏ အသက်တောထဲသို့ တိုးဝင် လာကာ ကောင်းကင်မှ တန်ခိုးတော်ဖြင့် စီမံချက်များကို အသစ်သော နည်းလမ်းဖြင့် ကျွန်ုပ်တို့၏ အပူမီးများကို အံ့ဩဖွယ်ရာငြိမ်သက်ပေးမည့် သူဖြစ်ပါသည်။ သို့ဖြစ်သောကြောင့် ကျွန်ုပ်တို့၏ဝမ်းနည်းမှုများကို သူ့ အပေါ် ဝေငှကာ ရင်ဖွင့်ကြပါစို့ -------

**ဆာလောင်ငတ်မွတ်သောအချိန်**

ဆာလောင်ငတ်မွတ်သောအချိန်များသည် ယေရှုနှင့် ပိုမိုသိကျွမ်း ဖို့ရန်အခွင့်အရေးကိုဖြစ်စေပါသည်။ (ဗျာဒိတ် ၂၁ း ၆ - ၇ ) ဆာခါ အမျိုးသမီးက ရေမငတ်ခဲ့လျှင် ဤ မှတ်သားဖွယ်ရာ နေ့ခင်းအချိန်၌ ရေတွင်းသို့လာမည်မဟုတ်ပါ။ ထို့အပြင် ရေငတ် နေသူများကရေ ငတ် ပြေဖို့ရန်အတွက်မဟုတ်ခဲ့လျှင် ဒါဝိတ်က စကားပြော လိမ့်မည် မဟုတ်ပါ။ သမင်၊ ဒရယ်သည် ရေစီးသော ချောင်းကို တောင့်တသ ကဲ့သို့ ကျွန်ုပ်ဝိညာဉ်သည်ကိုယ်တော်ကို တောင့်တပါသည်ဘုရား။ (ဆာလံ ၄၂ း ၁) ကျွန်ုပ်တို့ပြည့်စုံ ဖို့ရန် အတွက် ကိုယ်ကိုယ်တိုင်က ဖြည့်စွမ်းနိုင်ကြမည်ဆိုလျှင် ခရစ်တော်၏ တက်စွမ်းနိုင်မှုကို ဘယ်သောအခါမှ သိရှိကြ

လိမ့်မည်မဟုတ်ပါ။ ကျွန်ုပ်တို့က ဝေဒနာခံစားရခြင်းနှင့် ရေဆာငတ်သောအခါ ကိုယ့်ကိုကိုယ် မကိုးစားနိုင်ပါမဖြေရှင်းနိုင်ပါ။ သို့သော် ကြွယ်ဝသောအရာကို ဖြည့်စွမ်းနိုင်သည့် အသက်ရှင်သော ဘုရား သခင်ကိုကိုးစားကြပါသည်။

ကျွန်ုပ်တို့၏ မပြည့်စုံမှုအပေါ် ကောင်းချီးပေးတော်မူပါဘုရား။ ကိုယ်ပိုင်တင့်တိမ်မှုက ကျွန်ုပ်တို့တွင်မရှိခဲ့ဘူးပါ။ ခရစ်တော်နှင့် ဝေမျှဖို့ရန်မတတ်စွမ်းနိုင်ကြပါ။ သို့သော် ကျွန်ုပ်တို့၏ သဘောသဘာဝက ကြီးမားလှသလို နှစ်သစ်များလည်းပေါ်ထွန်းလာပြီး ကိုယ်ခန္ဓာကပို၍ပို၍ ကြီးထွားလာပါသည်။ ကျွန်ုပ်တို့ကသူ၏ပြည့်စုံခြင်းအားလုံးကိုပို၍ပို၍သိရှိလာကာလမ်းခရီးဖြင့်သော်လည်းကောင်း၊ သစ္စာတရားဖြင့်သော်လည်းကောင်း အသက်ရှင်ခြင်းဖြင့်သောလည်းကောင်းသိရှိလာခဲ့ပါသည်။

# လုပ်ငန်းသာသနာနှင့်တစ်သက်တာအတွက် ဘုရားသခင်၏အားပေးနှစ်သိမ့်ခြင်း

**(The Lord’s Comfort And Strength For Life And Ministry)**

*By Rich Carmicheal*

ကျွန်ုပ်တို့၏ အသက်ရှင်သောအချိန်ကာလသည် လူတိုင်းအတွက် အလွန်ခက်ခဲသော အချိန်တစ်ခုဖြစ်ပါသည်။ အထူးအဆန်းတော့မဟုတ်ပါ။ ချီဆောင်ခြင်းမတိုင်မီ နောက်ဆုံးသောအခန်း ကဏ္ဍထဲတွင် ကျွန်ုပ်တို့က ရှင်သန်ကြခြင်းဖြစ်ပါသည်။ စာတန်ကသူ၏ တိုတောင်းသောအချိန်ကာလကို သိရှိသောကြောင့် လူတွေ၏ စိတ်နှလုံး၊ ဝိညာဉ်ကို ဝိညာဉ်ရေးရာဖြင့် တိုက်ခိုက်နေသည့် အသံကအချိန်တိုင်းတွင် မြည်နေပါသည်။ ကျွန်ုပ်တို့က စည်းမျဉ်းသတ်မှတ်ချက်ကိုဆန့်ကျင်ခြင်း၊ တန်ခိုးတော်ကို ဆန့်ကျင်ခြင်း အမှောင်လွှမ်းသော ဤ ကာလ၏နှစ်များကို ဆန့်ကျင်ခြင်း၊ ဝိညာဉ်ရေးရာ ဆန့်ကျင်ခြင်းများဖြင့် ရန်းကန် တိုက်ခိုက်နေကြပါသည်။ (ဧဖက် ၆း၁၂) တိုက်ပွဲကိုဆင်နွှဲနေကြသောကြောင့် ဆုံးရှုံးမှုများကိုဖြစ်ပေါ်စေပါသည်။ ထို့ကြောင့် ဝိညာဉ်ပိုင်းဆိုင်ရာ အခြေအနေများကလျှင်မြန်စွာဆိုးဝါးလာပြီးကြိုတင်သတိပေးသော ဘေးအန္တရာယ်ကျရောက်မည့်အချိန်က ရောက်ရှိလာပြီဖြစ်သည်။ (၂တိ ၃ း ၁ ) လူများစွာက သူတို့၏ အပြစ်ကြောင့်ဖြစ်စေ၊ အခြားသူများ၏

အပြစ်ကြောင့်ဖြစ်စေ တိုးပွားလာသောအပြစ်၏ အကျိုး ဆက်ကို ခံစား ကြရပါသည်။

အားလုံးနီးပါး၏ အတိုင်းအတာတစ်ခုထဲတွင် ပျက်စီး ဆုံးရှုံး ခြင်းသည် ကမ္ဘာအနှံ့သို့ ပျံ့နှံ့သောရောဂါကဲ့သို့ ခံစားကြရပါသည်။ မီးဘေး၊ လေဘေး၊ ရေဘေးနှင့် သဘာဝ ဘေး အန္တရာယ်များစွာ၏ မွှေနှောက်ဖျက်ဆီးခြင်းကြောင့်လဲ ရုန်းကန်နေကြရပါသည်။ ထို့ အပြင် ငွေရေးကြေးရေးအခက် အခဲများ၊ ရင်းနှီး ဆက်သွယ်မှု ပြိုကွဲခြင်းများ၊ ကျန်းမာရေးဆိုင်ရာ ပြဿနာများနှင့် ချစ်ခင် သူများကို ဆုံးရှုံးရခြင်းများစသည့် နာကျည်းဝမ်းနည်းစရာများက အသက်တာ၏ အစိတ်အပိုင်း ထဲသို့ ဝင်ရောက်လာကြပါသည်။

ထို့ကြောင့် သင့်အပေါ်တွင်လည်း မည်သည့်ကိစ္စမဆို ရောက်ရှိလာနိုင်ပါသည်။ အကယ်၍ ကြီးမားသည့် အခက်အခဲ များနှင့် ရင်ဆိုင်ရသောအချိန်တွင် ကျွန်ုပ်တို့ **Herald** အဖွဲ့ အစည်း ၏ ရည်မှန်းချက်က ဤအခြေအနေမှ သင့်ကိုနှစ်သိမ့် ခွန်အားပေး ဖို့ရန်ဖြစ်ပါသည်။ အဓိကဦး တည်ချက်မှ သခင် ဘုရား၏ လုပ်ငန်း ဆောင်တာများဖြင့် ကျွန်ုပ်တို့ကစောင့် ရှောက်နိုင်ကာ အကျိုးပြုနိုင်ဖို့ရန် အတွက်အထူးပင် ကြိုးစား နေသော အချိန်ဖြစ်ပါသည်။ ဤ စာမျက်နှာများကို ဖတ်ရှုခြင်း

အားဖြင့် သခင်ယေရှုက သင့်ကို ချဉ်းကပ်ကာ အလုပ်အကျွေး ပြုပါလိမ့်မည်ဟု ယုံကြည်ပါသည်။

**သာသနာလုပ်ငန်းများကို ပြန်လည်အားဖြည့်ခြင်း**

ဤ နောက်ဆုံးသော ကာလ၏ နေ့ရက်များတွင် ဘုရားသခင်၏ အလိုတော်သည် သင်၏အသက်တာနှင့် သာသနာလုပ်ငန်းစဉ်ကို ပြန်လည်အားဖြည့်ကာ ခွန်အားယူလုပ်ဆောင်ဖို့ရန် ဖြစ်သည်ဟု ကျွန်ုပ်တို့ ကယုံကြည်ကြပါသည်။ သို့သော်လည်း လူများစွာအတွက် ခက်ခဲသောကာလ၏ နေ့ရက်များဖြစ်ပါသည်။ ထို့ကြောင့် ဘုရားသခင်၏လူတွေထံသို့ သူ၏ ချစ်ခြင်းမေတ္တာကို ကောင်းမွန်စွာပြသဝေငှဖို့ရန်လိုအပ်ပါသည်။ ဒေးဗစ် လင်စီ (**David Lingsey**) က သူ၏ဆောင်းပါး စာမျက်နှာ(၄) တွင် ရေးသားဖော်ပြသည့် အတိုင်းပင် အရင်က နှင့် မတူသော စပါးရိတ် စရာများက လယ်ကွင်းတွင်ပြည့် နေသောကြောင့် ကျွန်ုပ်တို့အတွက် အခွင့်အရေးတစ်ခုမှာ နေရာတိုင်းရှိ လူတွေထံသို့ ကျွန်ုပ်တို့ ခရစ်ယာန် အသက်တာ၏ အလင်းကိုဖွင့်ပြဖို့ရန်ဖြစ်ပါသည်။

သို့သော် ဤ သို့လုပ်ဆောင်သောအခါ သခင်ဘုရား၏ အစွမ်းထက်သည့် ကိုယ်ပိုင်အရင်းအမြစ်များက အသက်တာ၏ သာသနာလုပ်ငန်းစဉ်အတွက် ပြည့်စုံလုံလောက်မှုမရှိ သောကြောင့် ကျွန်ုပ်တို့က သခင်ဘုရား၏ မျက်မှောက်တော်ရှိ တန်ခိုးတော်ကို ရှာဖွေရမည်ဖြစ်သည်။ ကျွန်ုပ်တို့က သူ့ထံမှ အသက်တာ၊ ချစ်ခြင်း မေတ္တာ၊ ပျော်ရွှင်မှု ငြိမ်သက်ခြင်းနှင့် ခွန်အားများကိုလိုအပ်ပါသည်။ ဤသို့သောအကြောင်းကြောင့် သခင်ဘုရားက သင့်အပေါ်ပြည့်စုံစွာ ဖြည့်ဆည်းနိုင်ဖို့ရန် သူ့ကိုချည်းကပ်ပြီး ပေါင်းဖော်ခြင်းကို လုပ်ဆောင်စေလိုပါသည်။

John Wright Follette ရေးသားသော စောင်းပါး၏ စာမျက်နှာ ၆-၇ ကိုကိုးကားရမည်ဆိုလျှင် သခင်ဘုရားကို ကျွန်ုပ်တို့ စောင့်စားသောအခါ သူ၏ခွန်အားကို ကျွန်ုပ်တို့အပေါ် ဖြည့်ဆီးကာ ကျွန်ုပ်တို့၏ နေ့စဉ်အသက်တာ၌ သန့်ရှင်းသော ဝိညာဉ်တော်၏ တန်ခိုးဖြင့် အသက်ရှင်သောကောင်းချီး မင်္ဂလာ၏ အာနိသင်ကို ပေးအပ်ပါသည်ဟုဖော်ပြခဲ့ပါသည်။ ထို့ အပြင် Alexander Maclaren ကလည်းသူ၏ စာမျက်နှာ (၃)ကို ဟာဗက္ကုတ် ၃ း ၁၉ အား အခြေပြုကာလေးနက်စွာဖြင့် အရှင်ထာဝရ ဘုရားသည်ကျွန်ုပ်တို့၏ ခြေကို သမင်ခြေကဲ့သို့ ဖြစ်စေ

၍ ကျွန်ုပ်တို့၏ မြင့်ရာအရပ်ပေါ်တွင် ကျွန်ုပ်တို့ကို နေရာချတော်မူ မည်ဟု ဖော်ပြကာရေးသားခဲ့ပါသည်။

သို့ဖြစ်သောကြောင့် ကျွန်ုပ်တို့၏ခွန်အားဖြစ်လာပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏အသက်တာထဲ တွင်ကြံ့ခိုင်မှုရောက်ရှိလာပြီး ကျွန်ုပ်တို့၏ အသက်တာနှင့်သာသနာ လုပ်ငန်းစဉ်အတွက် လန်းဆန်းမှုနှင့် ရှင်လန်းခြင်းတစ်ခုကိုဖြစ်ထွန်းစေပါသည်။ အဖွင့်စာမျက်နှာတွင် F.B Meyer က စိတ်နှလုံး၏အကြောင်းကို ရှင်းလင်းခဲ့ပါသည်။ ဤ အချိန်အတွက် တွန်းအားဖြစ်စေသည့် မေးခွန်းက ခရစ်တော်နှင့် ပြည့်စုံသော ကိုယ်ပိုင်ဆက်သွယ်မှုကို အယောက်စီ တိုင်းကတိကျစွာ လုပ်ဆောင်မလုပ်ဆောင်ခြင်းကို စိစစ်စေခဲ့ပါသည်။ ခရစ်တော်နှင့်ကွာလျှင်ကျွန်ုပ်တို့ကမတတ် စွမ်းနိုင်ကြကြောင်းကို သိရှိကြပါသည်။ (ယောဟန် ၁၅ း ၅ ) သို့သော်လည်း သူ၌ ကျွန်ုပ်တို့ ကတည်ပြီးသူက ကျွန်ုပ်တို့၌တည်လျှင် ဖခမည်းတော်၏ ဘုန်းတော် ထင်ရှားဖို့ရန်အတွက် ကျွန်ုပ်တို့ က အသီးများစွာကို သီးကြမည်ဖြစ် ပါသည်။ (၁၅ း ၅ - ၈ )

## အသက်တာနှင့်ခရစ်တော်၏ တန်ခိုးတော်

ဤ အရာကိုစိတ်နှလုံး၌ ဘုရားသခင်၏ ပြည့်စုံခြင်းကို တည်ဆောက်ကာ အသက်ရှင်ခြင်း၏ အဓိပ္ပါယ်ကိုသေချာစွာ သိကျွမ်းသော တမန်တော်ရှင်ပေါလုကို နမူနာအဖြစ်တွေးတောဖို့ရန်ဖြစ်ပါသည်။ ခရစ်တော်က ကျွန်ုပ်တို့၏ အသက်ရှင်ခြင်း ဖြစ်သည်။ (ကောလောသဲ ၃ း ၄ ) ကျွန်ုပ်အသက်ရှင်သည့် အရာမှာ ခရစ်တော်ဖြစ်သည်။ (ဖိလိပ္ပိ ၁ း ၂၁ ) လုပ်ဆောင်ချက်နှင့် ပတ်သက်သော အရာကိုသူက ဤသို့ ပြောဆိုခဲ့ပါသည်။ ထိုသို့ အလို့ငှာ ငါသည် အမှုဆောင်ရွက်၍ ငါ၌တန်ခိုးတော်ပြုပြင်အားထုတ်တော်မူသည့်အတိုင်း ကြိုးစားအားထုတ်လေ့ရှိ၏။ (ကောလောသဲ ၁ း၂၉ ) ရှင်ပေါလုက ခရစ်တော်မည်သူဖြစ်ကြောင်းနှင့် ခရစ်တော်၏ လုပ်ဆောင်နိုင်စွမ်းအကြောင်း သူ၏လူတွေကို ကျော်လွန်၍ အကန့်အသက်မဲ့လုပ်ဆောင်နိုင်သည့်အသက်တာအကြောင်းကိုသိကျွမ်းခဲ့ပါသည်။ ငါ့ကို ခွန်အားနှင့်ပြည့်စုံစေတော်မူသော ခရစ်တော်အားဖြင့် ခပ်သိမ်းသော အမှုတို့ကို ငါတတ်စွမ်းနိုင်၏။ (ဖိလိပ္ပိ ၄ း ၁၃ )

ထို့အပြင်ရှင်ပေါလုက ယုံကြည်သူအားလုံးအတွက် သခင်ဘုရား၏ အလိုတော်ကို လုပ်ဆောင်ခဲ့ သည့်အကြောင်းကိုလည်း

သိရှိပြီး ထိုသို့နှင့်အညီ သူကဆုတောင်းခဲ့ပါသည်။ သူ၏ ဆုတောင်းချက်မှ အစိတ်အပိုင်း(၂)ခုကို ကျွန်ုပ်တို့ကိုယ်တိုင်က သင်ယူဖို့ရန်ဤနေရာတွင် ဖော်ပြပေးလိုက်ပါသည်။ ဆုတောင်းသော အချက်ဟူကား ဝိညာဉ်တော်အားဖြင့် သင်တို့၏အတွင်းလူကို ခွန်အားမြဲမြံခိုင်ခံ့စေ၍ ယုံကြည်ခြင်းအားဖြင့် ခရစ်တော်သည် သင်တို့၏စိတ်နှလုံးထဲ၌ ကျိန်းဝပ်တော်မူမည့်အကြောင်း ဘုန်းတော် ကြွယ်ဝပြည့်စုံခြင်းနှင့်ညီလျော်စွာ သင်တို့ အားပေးတော်မူ၍ မေတ္တာ၌စိုက်ပျိုးခြင်း၊ တိုက်မြစ်လည်းကျ တည်ခြင်းရှိသဖြင့် သင်တို့ သန့်ရှင်းသူအပေါင်းတို့၏နည်းတူ အနံအလျား၊ အနက် အမြင့်တို့ကို ပိုင်းခြား၍ သိခြင်းငှာလည်းကောင်း၊ ကိုယ့်ဉာဏ်နှင့်မသိနိုင်သော ခရစ်တော်၏ မေတ္တာတော်ကို သိနားလည်ခြင်းငှာလည်းကောင်း သင်တို့သည် တတ်စွမ်းနိုင်သဖြင့် ဘုရားသခင်၏ ပြည့်စုံတော်မူခြင်းရှိသမျှနှင့်အညီ ပြည့်စုံကြပါမည်အကြောင်း ငါသည်ဆုတောင်းလေ့ရှိ၏။ (ဧဖတ် ၃ း ၁၆- ၁၉ )

ဆုတောင်းသောအချက်ယူမှုကား သင်တို့သည် ကောင်းသော အကျင့် အမျိုးမျိုးတည်းဟုသော အသီးကိုသီးခြင်း၊ ဘုရားသခင်ကိုသိသောဉာဏ်တိုးပွားခြင်းရှိသဖြင့် ရှင်းဝမ်းမြောက်သော စိတ်နှင့် အရာရာကိုသည်းခံခြင်း စိတ်ရှည်ခြင်းအလိုငှာ ဘုန်းကြီး

သောတန်ခိုးတော်အတိုင်း ခွန်အားနှင့်ပြည့်စုံသဖြင့် ခမည်းတော်ဘုရား၏ ကျေးဇူးတော်ကို ချီးမွမ်းလျက်၊ လိုက်လျောက်စွာကျင့်၍ အရာရာ၌နှစ်သက်တော်မူ စေခြင်းငှာပညာအမျိုးမျိုး၊ ဓမ္မဉာဏ်အမျိုးမျိုးအားဖြင့်အလိုတော်ကို အကုန်စင်နားလည်ပါမည်အကြောင်း ဆုတောင်းပဌနာပြု၏။ (ကောလောသဲ ၁ း ၁၀ - ၁၁) ဤ နောက်ဆုံးသောအချိန်ကာလတွင် သူ၏ ဘုန်းတော်အတွက်ကျွန်ုပ်တို့အထဲတွင် ပြည့်စုံစွာလုပ်ဆောင်နိုင်ဖို့ရန် အတွက် ဘုရားသခင်ကိုချဉ်းကပ် ကာဆုတောင်းခြင်းဖြင့် သူ့ကို စောင့်စားကြဖို့ရန်ဖြစ်ပါသည်။

**အမှုထမ်းခြင်း၏အသက်တာအတွက်ဘုရားသခင်၏ခွန်အား**

**Divine Strength For Life And Service**

**By Alexander Maclaren** (1826-1910 )

သို့သော်လည်း ထာဝရဘုရား၌ ငါဝမ်းမြောက်၍ ငါ့ကိုကယ်တင်တော်မူသောဘုရားသခင်ကိုအမှီပြုလျက်ဝမ်းမြောက်ရွှင်လန်းမည်။ အရှင်ထာဝရဘုရားသည် ငါ၏ အစွမ်းသတ္တိဖြစ်တော်မူ၏ ငါ့ခြေကို သမင်ခြေကဲ့သို့ဖြစ်စေ၍ ငါ၏မြင့်ရာအရပ်ပေါ်မှာ ငါ့ကိုနေရာချတော်မူမည်။(ဟာဗက္ကုတ် ၃း ၁၈-၁၉)

နက်နဲသော နှုတ်ကပတ်တော်၏ အနက်အဓိပ္ပါယ်ကို ဖတ်ယုံသက်သက်ထက်သာလွန်သော ကြိုးပမ်းမှုမရှိလျှင် ဖော်ထုတ် နိုင်မည်မဟုတ်ပါ။ ကျွန်ုပ်သတိပြုမည့်သည့်အရာမှာ ကျွန်ုပ်တို့ သင်ကြားသောသင်ခန်းစာ၌ ဖော်ပြသည့်စာပိုဒ် (၃) ပိုဒ်ကို ကျွန်ုပ်တို့၏အသက်တာ၌ မည်သို့ခိုင်မြဲစွာရပ်တည်စေနိုင်မည့် အမြင်သုံးခုကို ဖော်ပြပြီး၍အရာကို ဖော်ထုတ်နိုင်သောအခါ ကျွန်ုပ်တို့က ကယ်တင်ရှင်ဘုရား သခင်ထံ၌ ဝမ်းမြောက်ကြလိမ့်မည် ဖြစ်သည်။

**ပထမအချက်–ဘုရားသခင်နှင့်ပေါင်းစည်းခြင်းဖြင့်သူ၏ခွန်အားကို လူတွေထဲဖြည့်စွက်ပေးခြင်း။**

**"ထာဝရဘုရားသည် ငါ၏အစွမ်းသတ္တိဖြစ်၏"**

သူသည်တောင်းစားသူတစ်ဦး၏ လက်ထဲသို့ ဒင်္ဂါးပြားတစ်ပြားကို ချပေးနိုင်သည်သာမက သူ ဖန်ဆင်းသမျှအရာအားလုံးကိုလည်း တစ်ခု ချင်းစီအလိုက် အသီးသီး နေရာချကာ ခွဲခန့်နိုင်သောသူဖြစ်ပါသည်။ ထို့ကြောင့် သူသည်ကျွန်ုပ်တို့၏ ခွန်အားအစွမ်းသတ္တိဖြစ်ပါသည်။ သို့ဖြစ်လျှင် ဤ အရာကမည်သည့် အဓိပ္ပါယ်ကို ရည်ညွှန်းပါသနည်း။ ဤအရာသည် တမန်တော် ရှင်ပေါလု ကြော်ငြာခဲ့သော ဓမ္မသစ်အမှန် တရား

အားလုံး၏ထိပ်ဆုံးရှိအမြင့်ဆုံးသောမျှော်လင့်ချက်ဖြင့် စောင့်စားရသည့်အရာ တစ်ခုကို ရည်ညွှန်းပြောဆိုခြင်းဖြစ်ပါသည်။ ငါ့ကိုခွန်အား နှင့်ပြည့်စုံ စေတော်မူသော ခရစ်တော်အားဖြင့် ခပ်သိမ်းသောအမှု တို့ကိုတတ်စွမ်းနိုင်၏။ (ဖိလိပ္ပိ ၄ း ၁၃ )

ချစ်သောညီအစ်ကိုမောင်နှမများခင်များ ကျွန်ုပ်တို့တွင်ရှိသည့် သိုသိပ်စုပုံနေသော အစွမ်းတန်ခိုးများကိုအားလျော့ အောင်ကိုယ့်ကိုကိုယ် မပိတ်ပင်မိပါစေနှင့် ကျွန်ုပ်တို့၏ မျက်လုံးများကိုဖွင့်ကြည့်မည် ဆိုလျှင်မည်သည့် အရာသည် ဟာဗက္ကုတ်တွေ့ကြုံသကဲ့သို့ ယုံကြည်ချက်နှင့် ဆက်နွယ်သောသတင်း ကောင်း၏အဓိက ကောင်းကြီး မင်္ဂလာစီးဆင်းသောနေရာဖြစ်ကြောင်းကို ကျွန်ုပ်တို့၏ နှလုံးသားကသိရှိနေပါသည်။ မဟာဗက္ကုတ်က ဤသို့ပြောဆိုခဲ့ပါသည်။ ထာဝရဘုရား၌ ငါဝမ်းမြောက်၍ ငါ့ကိုကယ်တင်တော်မူသော ဘုရားသခင်ကို အမှီနေလျက်ရွှင်လန်းဝမ်းမြောက်မည်။ (ဟာဗက္ကုတ် ၃ း ၁၈)

ကျွန်ုပ်တို့၏ အားနည်းခြင်းကြောင့်စစ်မှန်သော ဘုရားသခင်၏ ခွန်အားထဲတွင်ရှိသည့် အောင်မြင် ခြင်းက တောက်ပထင်ရှားလာပါသည်။ ‘ဘုရားသခင်သည် ငါ၏အစွမ်း သတ္တိဖြစ်ပါ

သည်။ 'အကယ်၍ ကျွန်ုပ်တို့က ဘုရားသခင်၌ ဝမ်းမြောက်ကြမည်ဆိုလျှင်တွေ့ရှိရမည့်အရာများမှာ ဟာဗက္ကုတ်တွေ့ကြုံခဲ့သော အရာဆက်ပင်း သာလွန်သော အရာကိုတွေ့ရှိမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သူသိကျွမ်းခဲ့သော ဘုရားသခင်ကို ကျွန်ုပ်တို့က ပိုမိုသိကျွမ်း အောင်လုပ်ဆောင်နေကြခြင်းဖြစ်ပါသည်။ ထိုကြောင့် သူပြောဆိုသောအရာထက် ပိုမိုပြီးပြောဆိုနိုင်ကြမည့်အရာမှာ-ထာဝရ ဘုရားသည် ငါ၏ ချီးမွမ်းရာ ငါသီချင်း ဆိုရာ၊ ငါ့ကိုကယ်တင်တော်မူသော အရှင်ဖြစ်တော်မူ၏ဟူ၍ ပြောဆိုကြမည်ဖြစ်ပါသည်။ (ယော ၁၂ း ၂ )

**ဒုတိယအချက်–ဤကဲ့သို့ ဖြစ်ခြင်း**

ဤသို့သော ဝမ်းမြောက်ခြင်းနှင့်ပေါင်းစည်းခြင်းဖြင့် ဘုရား သခင်က အသက်တာလမ်းကြောင်းထဲတွင် ကျွန်ုပ်တို့၏ ခြေလှမ်းများကို ပေါ့ပါးစေမည်ဖြစ်သည်။ ကျွန်ုပ်၏ ခြေကို သမင်ခြေကဲ့သို့ဖြစ်စေမည့် သမင်ဖိုကိုလူတွေရဲ့ ဘာသာစကားတိုင်းတွင်တွေ့ရှိရပါသည်။ ပြောင်းလဲနိုင်သော အတန်း အစားဖြစ်သည်။ အလွယ် ကလေးဖြင့် ခုန်ပေါက်တတ်သော တိရိစ္ဆာန်ဖြစ်ပါသည်။ ပေါ့ပေါ့ ပါးပါးနှင့် တင့်တယ်စွာ ခုန်ပေါက်ကာ အတားအဆီးများကို ပါးနပ်စွာ သိရှိပြီးပေနေသော ဖုံများကို

လျှင်မြန်စွာဖြင့် လှည်းကျင်း တတ်ပါသည်။ ဆာလံ သီချင်းသည် (ဆာလံ၁၈ း ၃၃)တွင် ငါ့ခြေကို သမင်ခြေကဲ့သို့ လျှင်မြန်စေ၍ ငါ၏ မြင့်ရာအရပ်ပေါ်မှာ ငါ့ကို တင်ထားတော်မူမည်ဟု သီဆို ခဲ့ပါသည်။ ဆာလံ ဆရာကတွေးတောသည့်အရာမှာပေါ့ပါးပြီး လွယ်ကူစွာ ခုန်ပေါက်နိုင်ခြင်း၊ ပုံမှန်မဟုတ်သော လမ်းလျှောက် ဟန်၊ လျှင်မြန်စွာဖြင့်ရှေ့သို့ ခြေလှမ်းနိုင်သည့် အကြောင်း များကိုပင်ဖြစ်ပါသည်။

နှိုင်းယှဉ်ရမည့်အရာတစ်ခုမှာ ကျွန်ုပ်တို့က ကျွန်ုပ်တို့၏ လုပ်ငန်းခွင်၌ လေးလံသောအလုပ်များစွာကို လုပ်ဆောင်ရမည့် အချိန်တွင် တစ်လှမ်းပြီးတစ်လှမ်းစိတ်မပါဘဲ ဖြေးဖြေးလှမ်းကာ ထယ်ထိုးသမားက ခြေနှစ်ဖက်ပေါ်စွဲကပ်နေသော ရွှံ့စေးများကို ဆောင့်ခါချရင်းဖြင့်လယ်ကွင်းထဲက ထပ်ကြောင်းများကို ပင်ပန်း စွာဖြင့် ငိုက်စိုက်ထိုးသကဲ့သို့ (သို့) အလုပ်ခွင်မှ အိမ်သို့နွမ်းနယ် စွာဖြင့်ပြန်လာသောသူတစ်ဦးကဲ့သို့ဖြစ်နေကြပါသည်။ အရေး မပါသော အရာကိုသာစိတ်မပါဘဲ ထပ်ခါထပ်ခါ လုပ်ဆောင် သောအခါ ကိုယ်ကိုယ်တိုင်က စိတ်ငြိမ်သက်မှု မရှိတော့ဘဲ စိတ်ကတက် လိုက်ကျလိုက်ဖြင့် လေးနက်မှုမရှိတော့ပါ။ ဤကဲ့ သို့တောင့် မာလှသော လမ်းကြောင်းကို ကျွန်ုပ်တို့ကအနေးနှင့်

အမြန်တွေ့ကြုံကြရမည်ဖြစ်သည်။ ဤ သို့သောအချိန်တွင် ရွှင်လန်းသောစိတ် သဘောသဘာဝလျော့ကျလာကာ ချစ်ခြင်းမေတ္တာဖြင့် လျောက်လှမ်းခြင်းကနှေးကွေးလာပါသည်။ ဤသို့သော်အရာများကြောင့် ကျွန်ုပ်တို့၏ လမ်းကြောင်းက ကျွန်ုပ်တို့အား ထိခိုက်စေသည်ကို အားလုံးကသိကြပါသည်။ သို့သော် ယခု ကျွန်ုပ်တို့လေ့လာသော သင်ခန်းစာကစိတ်ချမှုတစ်ခုကို ဆောင်ကျဉ်းလာကာ သမင်ဖိုက သူ၏လမ်းကြောင်း၌ လွတ်လပ် စွာခုန်ပေါက်ကာ လျင်မြန်စွာကျော်လွှား သကဲ့သို့ ကျွန်ုပ်တို့ ကလည်း ကျွန်ုပ်တို့၏ ရှေ့တွင်ချထားသောလမ်းကြောင်းပေါ်တွင် လျင်မြန်စွာ ကျော်လွှား သကဲ့သို့ ကျွန်ုပ်တို့ကလည်း ကျွန်ုပ်တို့၏ ရှေ့တွင် ချထားသော လမ်းကြောင်းပေါ်တွင် လျင်မြန်စွာ ပြေးလွှားနိုင်ကြမည်ဖြစ်သည်။ ကျွန်ုပ်တို့ ကိုယ်တိုင်က လမ်းကြောင်းကိုဖြည့်တင်းနိုင်ပါသည်။ အပြေးပြိုင်ပွဲတွင် ပါဝင်သော သန်မာသည့်အပြေးသမားကဲ့သို့ပင် ပြေးနိုင်ကာ ကျွန်ုပ်တို့၏ အလုပ်၌ဝမ်းမြောက်လာကြပြီး လုပ်ငန်းတိုင်းကို ဝမ်းမြောက်စွာဖြင့် ကြိုဆိုနိုင်မည်ဖြစ်သည်။ ဤ သို့ဖြစ် စေနိုင်သောအရာမှာ ဘုရားသခင်နှင့် ပေါင်းစည်းခြင်းဖြင့် ခရစ်တော်ကို ထင်ရှားစေခြင်းဖြစ်ပါသည်။ ဤသို့ပြုလျင် ကျွန်ုပ်တို့မြင်တွေ့ ခဲ့ကြသည့်အတိုင်း ပျော်ရွှင်လန်းဆန်းမှု၏ အကျိုးသက်ရောက် မှုကို လူတွေထံသို့

တက်ကြွစွာဖြင့် ဖြည့်တင်းနိုင်ကာ သဘော သဘာဝ (သို့) ဝန်းရံနေသောအရာများနှင့် သူတို့၌ရှိသော လေးလံစေမည့် အရာများက ရောက်ရှိလာတော့မည်မဟုတ်ပါ။ ဤ အရာတင် မကဘဲ ဘုရားသခင်နှင့်ပေါင်းစည်းခြင်း ဖြင့် ဘုရား သခင်က ကျွန်ုပ်တို့၏ကြိုးပမ်းချက်ကို အားနည်းစေသော အရာများကို ထပ်ခါထပ်ခါ လုပ်ဆောင် စေသောအရာများ၊ ငြီးငွေ့စေသော အရာများ၊ ဖိနှိပ်နေသောအရာများမှလွတ် မြောက် စေကာကျွန်ုပ် တို့၏ အသစ်သောလုပ်ဆောင်ချက်များ အပေါ်တွင် ခံနိုင်ရည်ရှိ သောဘုရားသခင်အစွမ်းတန်ခိုးကို နှလုံးသားထဲတွင် ဖြည့်တင်း ပေး မည်ဖြစ်ပါသည်။

အရေးမပါသောငြီးငွေ့ဖွယ်ရာအကြောင်းတရားနှင့်ဆက်စ ပ်သောနေ့ရောက်ရှိလာသောအခါ ဝတ်ကျေတမ်းကျေဖြင့် လုပ် ဆောင်နေရသော အရာတစ်ခုခုနှင့် ကျွန်ုပ်တို့၏ အကောင်းဆုံး သောစွမ်းရည်ရရှိဖို့ရန်ငြီးငွေ့စေသည့်အရာတစ်ခု(သို့)အောင်မြင် စွာကိုင်တွယ်ဖို့ရန် လေးလံစေသည့်အရာတစ်ခုခု စသောလုပ် ဆောင်ချက်အားလုံးသည် ခရစ်တော်နှင့် ကျွန်ုပ်တို့၏ မိတ် သဟာယထဲတွင် အလုပ်လုပ်နိုင်တော့ မည်မဟုတ်ပါ။ နေရာရ တော့မည်မဟုတ်ပါ။ 'ကျွန်ုပ်၏ခြေကို သမင်ခြေ ဖြစ်စေပါပြီ' ထို့

ကြောင့် ခရစ်တော်၌ရှိသော ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို ကျွန်ုပ်နှလုံးသားထဲ၌ အသစ်သော ရွေ့လျားမှုဖြစ် ရောက်ရှိလာသောအခါ ဤရွေ့လျားမှုက ကျွန်ုပ်၏ လုပ်ဆောင်ချက် အားလုံးကို လွှမ်းမိုးသွားမည်ဖြစ်သည်။ ထိုအခါ ကြိုးပမ်းချက်များကို သေး သိမ်စေသောအရာများနှင့် လှမ်းနိုင်ဖို့ရန် တားဆီးနေသော လုပ်ဆောင်ချက်များကရှိလာတော့မည်မဟုတ်ပါ။ ကြမ်းတမ်းသည့်လမ်းကြောင်းက ညီညာ ချောမွေ့လာကာ ကောက်ကွေ့သော အရာများကလည်း ဖြောင့်တန်းလာပြီး ကျွန်ုပ်တို့၏ ခြေလှမ်းများ သတင်းကောင်း ငြိမ်သက်ခြင်းကို သယ်ဆောင်ဖို့ရန် အဆင်သင့်ဖြစ်လာတော့မည်ဖြစ်ပါသည်။

ကျွန်ုပ်တို့က ဘုရားသခင်နှင့်နေ့စဉ် ပေါင်းစည်းကြမည်ဆိုလျှင် အခြားကောင်းမွန်သော အတွေးအမြင်များကဝင်ရောက်လာကာ ကျွန်ုပ်တို့ရှေ့ဆက်ပြေးရမည့် လမ်းကြောင်းကို တည်ဆောက်ဖို့ရန်အဆင်သင့်ဖြစ်ကြလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့ရှေ့သို့လုပ်ဆောင်ဖို့ရန်ရောက်ရှိလာသောအရာများကို ဆက်သွယ် ကြတော့မည်ဖြစ်သည်။

ခရစ်တော်၌ရှိသော ဘုရားသခင်၏ထာဝရအသက်ဝင်ပေါက်တံခါးမှတ် ၏ အပြင်ပိုင်းစီရင်ချက်များကို လုပ်ဆောင်

ကြသောကြောင့် ကောင်ချီးမင်္ဂလာနှင့် ပျော်ရွှင်သောအသက် တာ၏ အစွန်းဆုံးသော အနှစ်သာရကို ကျွန်ုပ်တို့ကလုပ်ဆောင် နိုင်ကြမည်ဖြစ်သည်။

ထို့ကြောင့် ဤ အချက်များကိုသိရှိကာ သူနှင့် ပေါင်း စည်းခြင်းကို ကိုင်စွဲဖို့ဖြစ်ပါသည်။ ဤသို့ ပြုခြင်းဖြင့်အထူး ကြိုးပမ်းလုပ် ဆောင်ရမည့်အရာတစ်ခုက လိုအပ်သည့်အချိန် ရောက်ရှိလာ သောအခါတွင် ပုံထူသောလမ်း၏ အဆင်မရှိသာ တာဝန်တစ်ခု (သို့) ကြာရှည်ငြီးငွေ့စရာကောင်းသော အရာ တစ်ခုကို ဖြတ်သန်းရာ၌ အားမလျော့ဘဲ လျှောက်လှမ်း နိုင်သော သူအဖြစ် ကျွန်ုပ် ကိုသူက လုပ်ဆောင်ပေးပါသည်။ တောင်ကုန်း ထိပ်၏ အနားသတ်မျဉ်းကြောင်းပေါ်တွင် လှည့်လည်နေသော တိရိစ္ဆာန်များကို ကြည့် သောအခါ သူတို့က အန္တရာယ်များ၊ တိုက်ခိုက်မှုများနှင့် ဝေးကွာ သော အထက်တွင်ရှိနေကြပါသည်။ တောင်နံရံနှင့် ချောက်ကမ်းပါးပေါ်တွင် သူတို့၏ခြေများကို ချထားကြပြီး သန့်ရှင်းသော လေပြေထဲတွင် ဦးချိုကို မော့ကြ ပါသည်။ လက်ဖျား ခါလောက် အောင်ပင် သူတို့က (၁) မိုင်ခန့် အကွာအဝေးတွင် သွားလာလှုပ်ရှားကြပါသည်။ 'သူက ကျွန်ုပ်ကို မြင့်သော အရပ်၌ ချထားတော်မူ၏' ခရစ်တော်၌ ဘုရားသခင်၏ ချစ်ခြင်း

မေတ္တာနှင့် ရင်းနှီးပြီး ဆက်သွယ်ခြင်းကို နေ့စဉ် လုပ်ဆောင်ရမည်ဖြစ်သည်။ သဖန်းပင်သည် အပွင့်မပွင့်သော အချိန်တွင် အသီးမသီးနိုင်ပါ။ ထို့ကြောင့် ကျွန်ုပ်တို့၏ ကယ်တင်ရှင် ဘုရားသခင်၌ ဝမ်းမြောက်ကြပါက ကျွန်ုပ်တို့ကိုချီးမြှောက်ပါလိမ့်မည်။ ဟေရှာယက သူတို့သည် ရွှေလင်းယုန်၏ အတောင်ပံဖြင့် အမြင့်သို့ပျံသန်းလိမ့်မည်ဟု ကိုးကားသည့် အရာကပြည့်စုံမည်ဖြစ်သည်။ ကျွန်ုပ်တို့က သူနှင့်ထိတွေ့ ဆက်ဆံခြင်းကို စောင့်ထိန်းကြမည်ဆိုလျှင် ချိတ်ဆွဲထားသော ပူဆီဖောင်း၏ အလေးချိန်ကဲ့သို့ ပေါ့ပါးကြပါလိမ့်မည်။ ဝမ်းမြောက် ရွှင်လန်းခြင်းနှင့်အခြားသူများကိုဆွဲခေါ်သောသူ ကဲ့သို့ဖြစ်ကြလိမ့်မည်။ ခရစ်တော်ကို ကျွန်ုပ်တို့ကခိုင်မြဲစွာဆွဲကိုင်သောအခါ ကျွန်ုပ်ကို မြင့်မားသောနေရာသို့ ချီမပါလိမ့်မည်။ ဤ လောကတွင် လက်လှမ်းလို့ရမည့်အရာများအားလုံးကို လှမ်းနိုင်ကြမည်ဖြစ်သည်။ ကျွန်ုပ်တို့ရှိသောနေအိမ်အတွင်းမှာပင် ချီးမြှောက်ပါလိမ့်မည်။ ကျွန်ုပ်တို့ ကြိုးစားရုန်းကန်ခြင်းဖြင့် ရရှိနိုင်သည့်အရာမဟုတ်သောကြောင့် ကျွန်ုပ်တို့ကို ချီးမြှောက်ခဲ့သော သူ၏ကျေးဇူးတော် သည် ကျွန်ုပ်တို့၏ ဘုံဗိမ္မာန် ဖြစ်လာပါသည်။ ဤ နေရာတွင် ကျွန်ုပ်တို့ရှိကြသောကြောင့် ချောက်ကမ်းပါးထဲသို့

လဲကျဖို့ရန် ကြောက်စရာမလိုတော့ ဘဲမြင့်မြတ်သော နေရာတွင် လွတ်လပ်စွာ လျှောက် လှမ်းဖို့ရန်ဖြစ်ပါသည်။

ယေရှုခရစ်တော်နှင့် ထိတွေ့ဆက်ဆံခြင်းကို ကိုယ်တိုင် ထိန်းသိမ်းခြင်းက လမ်းခရီးကိုမြင်တွေ့စေပါသည်။ ဤ လောက ၏ လမ်းမတစ်လျှောက်တွင် ကျွန်ုပ်တို့၏ ခရီးသွားခြေလှမ်း များကို ကောင်းကင်ထက်မှ သူ၏ ညာဖက်လက်ဖြင့် ခင်းကျင်း ပေးကာ ကျွန်ုပ်တို့အတွက် မြင့်သောနေရာကိုလုပ်ဆောင်ပေးပါ သည်။ ထို့ကြောင့် ထိုနေရာသည် လုံခြုံစိတ်ချ ရသော နေရာ ဖြစ်ပါသည်။ လေကောင်းလေသန့်ကြောင့် အဆိပ်အတောက် ကင်းမဲ့ကာ မုဆိုးများလည်းရောက်ရှိ မလာနိုင်သော နေရာဖြစ် ပါသည်။ သူတို့၏ လက်နက်များလေးနှင့်မြား၊ ထောင်ချောက် များကို ဆောင်ယူမလာနိုင်သောနေရာ၊ တောင်၏ အာရုံဦး ပေါ်ထွန်းသော နေရာ၊ ဘေးအန္တရာယ်ကင်းရှင်းသော နေရာ ဖြစ်ပါသည်။

သူနှင့် ပူးပေါင်းခြင်းဖြင့် ကျွန်ုပ်တို့၏ခြေလှမ်းများကို ပေါ့ပါးစေပြီး အမြင့်သို့ချီမကာကျွန်ုပ်တို့ အသက်တာနှင့် လုပ်ဆောင် ချက်တိုင်း၌ လက်လှမ်းမှီနိုင်မည့် မြင့်သော အရပ်ကို တွေ့ရှိနိုင်မည်ဖြစ်သည်။ ထို့ကြောင့် အမြင့်တက်လှမ်းခဲ့ပါဟု

ပြောဆိုသော အသံကိုကြားရသည့်အထိတိုင်အောင် ကျွန်ုပ်တို့က လျှောက်လှမ်း ဖို့ရန်ဖြစ်ပါသည်။ ဤသို့ပြုလျှင်ဘုရားသခင်၏ တောင်ပေါ်၊ သက်စမ်းရေ ရှိသောနေရာ၊ မရှိသောနေရာ၊ ကြောက်ရွံ့ခြင်း ထာဝရ မရှိသော နေရာဖြစ်သည့် ဤနေရာသို့ ကျွန်ုပ်တို့ကိုချီမလိမ့်မည် ဖြစ်သည်။

## ကျေးဇူးတင်စကား

ပြန်လည်ကြွလာခြင်း (**Herald of His Coming, Myanmar Edition)** သတင်းကောင်းစာစောင်ကိုပြန်လည် ထုတ်ဝေနိုင်သော ကြောင့် ဘုရားသခင်ကို အထူးဘဲချီးမွမ်းပါသည်။ ဤ သတင်းကောင်း စာစောင်ကို ဖက်သောမိတ်ဆွေ အားလုံးလည်း ကောင်းကြီးခံစားကြ မည်လို့လည်းယုံကြည်ပါသည်။

ဤ သတင်းကောင်းစာစောင်ကို မိမိအသင်းတော်အတွက်သော် လည်းကောင်း၊ မိတ်ဆွေများအတွက်သော်လည်းကောင်း အောက်ပါ လိပ်စာသို့မှာကြားနိုင်ပါသည်။

**Rev.Run Lian**
**P.O.Box -1349**
**Yangon, Myanmar**
**Tel: 09 452112354**
Email: dts4christ@gmail.com